# ဘုရားသခင်က လွယ်လွယ်ကလေး ကယ်တင်ပေးပုံ



သခင်ယေရှု ဘာကြောင့် အသေခံပေးခဲ့ရတာလဲ?

## ၁။ လူဟာ ပင်ကိုယ်အရ အပြစ်လုပ်ပါတယ်။

*ယောဟန် ၃း၁၉  `အပြစ်စီရင်ခြင်းကိုခံရကြောင်းကား အလင်းသည် ဤလောကသို့ဝင်၍ လူတို့သည် မကောင်းသောအကျင့်ကို ကျင့်သောကြောင့် အလင်းထက်မှောင်မိုက်ကို သာ၍နှစ်သက်ကြ၏။´*




တို့အားလုံးဟာ အပြစ်ရှိသူတွေပါ။

## ၂။ အဲဒီသဘာဝကြောင့်ကို အပြစ်တင်စရာဖြစ်နေပါပြီ။

*ယောဟန် ၆း၄၀ `သားတော်ကိုကြည့်မြင်၍ ယုံကြည်သောသူရှိသမျှတို့သည် ထာဝရအသက်ကို ရစေခြင်းငါ့ငှါ ငါ့ကိုစေလွှတ်တော်မူသော ခမည်းတော်၏ အလိုတော်ရှိ၏။ ငါသည်လည်း နောက်ဆုံးသောနေ့၌ ထိုသူတို့ကို ထမြောက်စေမည်ဟု မိန့်တော်မူ၏။ ´*

*ယောဟန် ၃း၁၈ `သားတော်ကို ယုံကြည်သောသူသည် အပြစ်စီရင်ခြင်းကို မခံရ။ မယုံကြည်သောသူမူကား ဘုရားသခင်၌ တပါးတည်းသောသားတော်ကို မယုံကြည်သောကြောင့် ယခုပင် အပြစ်စီရင်ခြင်းကိုခံရ၏။ ´*

*ယောဟန် ၃း၃၆.ခ `သားတော်ကိုပယ်သောသူမူကား အသက်ကိုမတွေ့ရ။ ထိုသူ၏အပေါ်၌ ဘုရားသခင်၏ အမျက်တော် တည်နေသည်။ ´*



**အပြစ်ဆိုတာ ပေးဆပ်ရစမြဲပါ။**

## ၃။ သခင်ယေရှု လူ့လောကကို ကြွလာပြီး၊ အသေခံပေးခဲ့ပါတယ်။

*ယောဟန် ၁၄း၆ `ယေရှုက ငါသည် လမ်းခရီးဖြစ်၏။ သမ္မာတရားလည်းဖြစ်၏။ အသက်လည်းဖြစ်၏။ ငါ့ကိုအမှီမပြုလျှင် အဘယ်သူမျှ ခမည်းတော်ထံသို့ မရောက်ရ။ ´*

*ယောဟန် ၃း၁၇ `လောကီသားတို့အား အပြစ်စီရင်ခြင်းငှါ ဘုရားသခင်သည် သားတော်ကို ဤလောကသို့ စေလွှတ်တော်မူသည်မဟုတ်။ လောကီသားတို့သည် ကိုယ်တော်အားဖြင့် ကယ်တင်ခြင်းသို့ ရောက်မည့်အကြောင်း စေလွှတ်တော်မူ၏။ ´*

*ယောဟန် ၁း၁၀၊၁၂ `ထိုသူသည် ဤလောက၌ ရှိတော်မူပြီ။ ဤလောကကိုလည်း ဖန်ဆင်းတော်မူပြီ။ သို့သော်လည်း ဤလောကသည် ထိုသူကိုမသိ။ သူသည် မိမိဒေသအရပ်သို့ ကြွလာသော်လည်း မိမိလူမျိုးတို့သည်*

*သူကိုလက်မခံပဲနေကြ၏။ - ထိုသူကိုလက်ခံသမျှသောသူတည်းဟူသော ကိုယ်တော်ကို ယုံကြည်သောသူတို့အား ဘုရားသခင်၏ သားဖြစ်ရသောအခွင့်ကို ပေးတော်မူ၏။´*

## ၄။ ကယ်တင်တာဟာ အခမဲ့ပါ။ ကိုယ်ကောင်းလို့မဟုတ်ဘူး၊ ဘုရားသခင်ပြောတဲ့အတိုင်း သခင်ယေရှုတပါးတည်းကို အားကိုးဖို့ပဲလိုပါတယ်။

ဧဖက် ၂း၈-၉ `ယုံကြည်သောအားဖြင့် ကျေးဇူးတော်ကြောင့် ကယ်တင်ခြင်းသို့ရောက်ရ၏။ ကိုယ်အလိုအလျောက် ရောက်သည်မဟုတ်။ ဘုရားသခင် သနားတော်မူရာဖြစ်သတည်း။ ကိုယ့်ကုသိုလ်ကြောင့် ကယ်တင်တော်မူခြင်းသို့ရောက်သည်မဟုတ်။ သို့ဖြစ်၍ အဘယ်သူမျှ ဝါကြွားစရာအခွင့်မရှိ။´

တိတု ၃း၅ `ငါတို့ကျင့်သော ဖြောင့်မတ်ခြင်းအကျင့်အားဖြင့်မဟုတ်ပဲ။ မိမိသနားခြင်းကရုဏာတော်နှင့်အညီ ဒုတိယမွေးခြင်းနှင့်ဆိုင်သော ဆေးကြောခြင်းအားဖြင့်၄င်း၊ သန့်ရှင်းသောဝိညာဉ်တော်၏ အသစ်ပြုပြင်ခြင်းအားဖြင့်၄င်း၊ ငါတို့ကို ကယ်တင်တော်မူ၏။´

တမန် ၄း၁၂ `ထိုသခင်၏ နာမတော်မှတပါး ငါတို့ကို ကယ်တင်နိုင်သောနာမ တစုံတခုမျှ၊ ကောင်းကင်အောက် လူတို့တွင်မပေါ်မရှိ။

## ၅။ သခင်ယေရှုကို ယုံရင် ထာဝရအသက်ရပါတယ်။

ယောဟန် ၅း၂၄ `ငါအမှန်အကန်ဆိုသည်ကား ငါ့စကားကို နားထောင်၍ ငါ့ကိုစေလွှတ်တော်မူသောသူကို ယုံကြည်သောသူသည် ထာဝရအသက်ကို ရသည်ဖြစ်၍ အပြစ်စီရင်ခြင်းကို မခံရ။ သေခြင်းမှ အသက်ရှင်ခြင်းသို့ ကူးပြောက်သောသူဖြစ်၏။´

ယောဟန် ၆း၄၇ `ငါအမှန်အကန်ဆိုသည်ကား ငါ့ကိုယုံကြည်သောသူသည် ထာဝရအသက်ကိုရ၏။´

ယောဟန် ၁၀း၂၈ `ထာဝရအသက်ကိုလည်း ငါပေး၏။ ထိုသိုးတို့သည် ပျက်စီးခြင်းနှင့် အစဉ်မပြတ် ကင်းလွတ်ကြလိမ့်မည်။ အဘယ်သူမျှ ထိုသိုးတို့ကို ငါ့လက်မှ မနှုတ်မယူရာ။´

*ကောင်းကင်ရောက်ဖို့ သေချာချင်ရင် အခုလို ဆုတောင်းပါ။ တကယ် စိတ်ပါဖို့တော့ လိုပါတယ်။*

*ဘုရားသခင်*

**ကျွန်တော်/ကျွန်မဟာ အပြစ်သားပါ။ အပြစ်စီရင်ခံထိုက်ပါတယ်။ သခင်ယေရှု ကိုယ်စား အသေခံပေးတာကို ယုံပါတယ်။ အပြစ်တွေကို ခွင့်လွှတ်တော်မူပါ။ ကောင်းကင်ရောက်ချင်ပါတယ်။ ကောင်းကင်မှာ နေရာပေးတော်မူပါ။ အာမင်။**